**UNITED NATIONS INFORMATION CENTRE**

*6, Natmauk Road, P.O. Box 230, Yangon*

**သတင်းထုတ်ပြန်ချက်**

ရန်ကုန်၊ မြန်မာ

*နေ့စွဲ - ၁၄ ဩဂုတ်၊ ၂၀၁၄*

**လွတ်လပ်သောစောင့်ကြည့်လေ့လာရေးအဖွဲ့က မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူမှုမှာ အောင်မြင်မှုရခဲ့သည်ဟု ခြုံငုံသုံးသပ်နိုင်ကြောင်း ပြောကြားလိုက်သည်။**

လွတ်လပ်သောသန်းခါင်စာရင်းစောင့်ကြည့်လေ့လာသူများအဖွဲ့သည် နှစ်ပေါင်း ၃၀အတွင်း ပထမဆုံး အကြိမ်ကောက်ယူခဲ့သည့် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူမှုမှာ အောင်မြင်မှုရှိကြောင်း အခိုင်အမာ အတည်ပြုခဲ့ပြီး နိုင်ငံတကာစံချိန်စံနှုန်းနှင့် ညီညွတ်ကြောင်းကိုပါ ပြောကြားလိုက်ပါသည်။

စောင့်ကြည့်လေ့လာသူအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းမှာ ခြုံငုံ၍သုံးသပ်ရပါက အောင်မြင်မှုရှိပြီး နိုင်ငံတကာစံချိန်စံနှုန်းနှင့် ညီညွတ်သည်ဟုသုံးသပ်ပါသည်။ ချွင်းချက်အနေနှင့် ရခိုင်ပြည်နယ်တွင် အစိုးရအခေါ် ဘင်္ဂါလီများမှ မိမိတို့ကိုယ်မိမိ "ရိုဟင်ဂျာ" ဟု သတ်မှတ်လိုသဖြင့် ထည့်သွင်းစာရင်းကောက်ယူမှုမရရှိနိုင်ခဲ့ခြင်းနှင့် ကချင်ပြည်နယ်အတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ထိန်းချုပ်မှုအောက်တွင်ရှိသော အချို့နေရာများတွင် စာရင်း မကောက်ယူနိုင်ခဲ့ခြင်းတို့ ရှိပါသည်။

ယင်းအခက်အခဲများရှိသော်လည်း သန်းခေါင်စာရင်းလုပ်ငန်းမှာ ကောင်းမွန်စွာ အစီအစဉ်တကျ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် သင်တန်းဆရာများ၊ စာရင်းကောက်နှင့် စာရင်းစစ်များအပါအဝင် ဝန်ထမ်းများမှာ စိတ်အားထက်သန်ကြပြီး ကောင်းစွာသင်ကြားလေ့ကျင့်မှု ရရှိထားကြကြောင်း သန်းခေါင်စာရင်းစောင့်ကြည့် လေ့လာသူအဖွဲ့က ဖော်ထုတ်တင်ပြခဲ့ပါသည်။ ထို့ပြင် သန်းခေါင်စာရင်းအကြောင်းကို ဝေးလံခေါင်ဖျား ဒေသများအထိပင် သိရှိစေခဲ့ခြင်းဖြင့် လူအများသတိပြုမိစေရန် ကြိုးပမ်းမှုများကိုအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ တွေ့ဆုံစာရင်းကောက်ယူမှုများကိုလေ့လာကြည့်ရှုရာတွင် ပြည်သူလူထုသည်သန်းခေါင်စာရင်းအပေါ် အများအားဖြင့် အပြုသဘော ရှုမြင်ကြကြောင်းနှင့် ဖြေဆိုသူ ၉၉.၆% သည် စာရင်းကောက်ခံယူရန် သဘောတူကြပြီး၊ ၉၈.၆% သည် မေးခွန်းအားလုံးကိုဖြေဆိုခဲ့ကြကြောင်းအစီရင်ခံစာကဖော်ပြသည်။ သို့ရာတွင် မေးခွန်းအချို့ကိုနားလည်ရန် အခက်အခဲရှိခဲ့ကြောင်းတွေ့ရှိရသည်။

လေ့လာသူများက စာရင်းကောက်သူများသည် များသောအားဖြင့် ပထဝီဒေသအနေအထား၊ ဒေသခံတို့၏ ဓလေ့ထုံးစံနှင့် ဘာသာစကားတို့ကို ရင်းနှီးကျွမ်းဝင်ကြကြောင်းကိုလည်း အရေးကြီးသည့်အချက်အနေနှင့် အထူးပြုဖော်ပြပါသည်။ ထိုအချက်သည် ဖြေဆိုသူများမှ သန်းခေါင်စာရင်းအပေါ် ယုံကြည်မှုပိုရှိစေရန် ကူညီပေးပြီး၊ပို၍မှန်ကန်သောအဖြေများရရှိစေကာ တွေ့ဆုံ မေးမြန်းချိန်တွင် မေးခွန်းနှင့်အဖြေများအပေါ် မှားယွင်းအဓိပ္ပါယ်ကောက်ယူမှု ဖြစ်ပွားနိုင်ခြေအား လျော့နည်းစေသည်။ ထိုအချက်အားလုံးမှာ ကောက်ယူခဲ့သောအချက်အလက်များ၏ အရည်အသွေးအပေါ်တွင် အပြုသဘောသက်ရောက်မှု ရှိစေပါသည်။

လေ့လာရေးအဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်းအချို့နေရာများတွင် စာရင်းကောက်ယူနိုင်ရန်အတွက် ဖြေရှင်းရန် နည်းလမ်းတစ်ရပ် ရှာဖွေရန်လိုအပ်ကြောင်းကိုလည်းအထူးပြုတင်ပြခဲ့ပါသည်။ အခြားစိန်ခေါ်မှုများအနေဖြင့် အချို့နေရာများတွင် မြို့နယ်အဆင့်၌ သန်းခေါင်စာရင်းပုံစံစာရွက် များအား သိုလှောင်ထားရှိရန် ပြင်ဆင်မှုနှင့် နေရာများလုံလောက်မှုမရှိခြင်း နှင့် စာရင်းကောက်သူအချို့မှာ အဖြေများသိသာထင်ရှားနေသည်ဟုယူဆပါက ဖြေဆိုသူများကိုလမ်းကြောင်း ပေးခြင်းတို့ဖြစ်ကြသည်။

သန်းခေါင်စာရင်းစောင့်ကြည့်လေ့လာသူအဖွဲ့မှ လေ့လာသူများသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ခု လုံး၊ ခရိုင်ပေါင်း ၄၁ခု (စုစုပေါင်း၏ ၅၅%)၊ မြို့နယ်ပေါင်း ၁၂၁ မြို့နယ် (စုစုပေါင်း၏ ၃၇%) နှင့် စာရင်းကောက်ကွက်ပေါင်း ၉၀၁ (စုစုပေါင်း၏ ၁.၁%) သို့ သွားရောက်ခဲ့ကြပါသည်။ တစ်နိုင်ငံလုံးတွင် တွေ့ဆုံမေးမြန်းစာရင်းကောက်ယူမှုပေါင်း ၂၁၉၃ ခုအားလေ့လာခဲ့ပြီး ဤသည်မှာ သန်းခေါင်စာရင်း ကောက်ယူခြင်းကိုစောင့်ကြည့်လေ့လာရာတွင် ကြီးမားသောနမူနာကိုလေ့လာခဲ့ခြင်း ဖြစ်ကြောင်းအဖွဲ့က သိမှတ်ခဲ့ပါသည်။

သန်းခေါင်စာရင်းစောင့်ကြည့်လေ့လာသူအဖွဲ့၏ အစီရင်ခံစာကို မကြာသေးမီက ထုတ်ပြန်လိုက်ပြီး ၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူမှုတွင် တွေ့ရှိရသော အောင်မြင်မှု များနှင့် စိန်ခေါ်မှုအချို့ကို ဖော်ပြရေးသားထားသည်။

စောင့်ကြည့်လေ့လာရေးအဖွဲ့၏ရည်ရွယ်ချက်များမှာ-သန်းခေါင်စာရင်းကောက်လုပ်ငန်းစဉ်နှင့်တကွ ရွေးချယ်ထားသောမြို့နယ်နှင့် စာရင်းကောက်ကွက်များတွင်သန်းခေါင်စာရင်းကောက်ယူပုံတို့ကို မှတ်တမ်းတင်ရန်၊ စာရင်းကောက်ယူနေချိန်နှင့် ကောက်ယူပြီးနောက်တွင် အစိုးရထံပုံမှန်ပြန်လည်တုန့်ပြန်သတင်းပေးရန်၊ သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံတကာစံနှုန်းများ၊ မြန်မာနိုင်ငံ၏နည်းဥပဒေများနှင့်အညီ ဓမ္မဓိဋ္ဌာန်ကျစွာကြည့်ရှုလေ့လာရန်၊ အနာဂါတ်တွင်ဆောင်ရွက်မည့်သန်းခေါင်စာရင်းကောက်ယူမှုများအတွက် အစိုးရ၏စွမ်းဆောင်ရည်ကိုတိုးတက်စေမည့်သင်ခန်းစာများနှင့် ကောင်းမွန်သောအလေ့အထများကို မှတ်တမ်းတင်နိုင်ရန်တို့ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပဋိပက္ခနောင်းပိုင်း နိုင်ငံများ၏ သန်းခေါင်စာရင်းကောက်ယူမှုများတွင်ပါ လေ့လာခဲ့သောအတွေ့အကြုံများအရ သန်းခါင်စာရင်းစောင့်ကြည့်လေ့လာခဲ့သည့် အဖွဲ့က ဤ (မြန်မာနိုင်ငံ

သန်းခေါင်းစာရင်းကောက်ယူမှု) လုပ်ငန်းစဉ်မှာ အကောင်းဆုံးစာရင်းကောက်ယူမှုအခြေအနေများထဲမှတစ်ခုဖြစ်သည်ဟု ယင်းတို့၏အတွေ့အကြုံများပေါ် အခြေခံပြောဆိုကြသည်။ လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ အနာဂါတ်သန်းခေါင်စာရင်းကောက်ယူမှုများအတွက် တန်ဖိုးရှိသောအချက်များကိုပေးစွမ်းနိုင်ပေလိမ့်မည်။

*နောက်ထပ်သိလိုသောအချက်အလက်များရှိပါက* UNIC.Yangon@unic.org သို့ ဆက်သွယ်နိုင်ပါသည်။

သန်းခေါင်စာရင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ ခြုံငုံသုံးသပ်ချက် အစီရင်ခံစာ (အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ) ကိုသော်လည်းကောင်း၊ သန်းခေါင်စာရင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအစီရင်ခံစာ (အင်္ဂလိပ်ဘာသာ) ကိုသော်လည်းကောင်း ဖတ်ရှုရန် ကိုဖတ်ရှုရန် www.dop.gov.mm သို့မဟုတ် http://myanmar.unfpa.org/census သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။